# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

## ပေါင်မြို့နယ်

လူထုဗဟိုပြု စီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project (NCDDP)(2nd cycle)



# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# Village Development Plan (VDP)

ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ပေါင်မြို့နယ်

ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

# မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း

၄။ ကျေးရွာအခြေခံ အချက်အလက်များ (ကျေးရွာ သမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှု ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (အကျဉ်းချုပ်ပြဇယား)

၆။ ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

၈။ ကျေးရွာ အချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်း

၁၃။ ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ


၁၄။ VDP အရည်သွေး ထိန်းချုပ်မှု ပုံစံ

# ၁။ မြို့နယ်မြေပုံ




ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

## ၂။ ကျေးရွာမြေပုံ (တည်နေရာ)




ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

## ၃။ ကျောက်ရေတွင်းကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း

၁။ ကျောက်ရေတွင်းကျေးရွာ

၂။ ပေါက်တော ကျေးရွာ                    တို့ဖြစ်ပါသည်။

## ၄။ ကျေးရွာအခြေခံ အချက်အလက်များ (ကျေးရွာ သမိုင်းကြောင်း)

| ခုနှစ် | အကြောင်းအရာ | တုံ့ပြန်ချက် |
|---|---|---|
| ၁၀၀၀ AD | ကျေးရွာစတင်ဖြစ်ပေါ်လာပုံ<br>ရာမညတိုင်းသို့ ကျန်စစ်မင်းထွက်ပြေးတိမ်ရှောင်စဉ်က အီဒေသသို့ ရောက်ရှိခဲ့ပါသည်။ ကျန်စစ်မင်းအိနေရာသို့ရောက်ရှိစဉ်ထွက်ပြေး တိမ်းရှောင်ရင်း မောပန်းပြီးရေဆာလောင်သဖြင့်မိမိတွင်ပါလာသော လှံဖြင့် မြေကြီးတွင်စိုက်ပြီးလှည့်လိုက်ရာရေတွင်းတစ်တွင်းဖြစ်ပေါ် လာပြီးထိုရေတွင်းမှရေကို သောက်ယူသုံးစွဲခဲ့ပါသည်။ ထိုရေတွင်းမှ ရေကိုသောက်လျှင်ရောဂါဘယကင်းဝေးသည်ဟုဆိုကာထိုရေတွင်း ကိုနတ်ရေတွင်းဟုလည်းကောင်း၊ ထိုရေတွင်းမှရေသည် စိမ့်စမ်းရေ ပမာအေးမြနေပြီး ရာသီမရွေးခမ်းခြောက်ခြင်းမရှိသည့်အတွက် ကြောင့်လည်းကောင်း ကျောက်ရေတွင်းဟုတင်စားခေါ်ဝေါ်ခဲ့ကြ ခြင်းဖြစ်ပါသည်။နောင်အခါတွင် ထိုရေတွင်းကိုအစွဲပြု၍ ကျောက် ရေတွင်းဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။ (ယနေ့အချိန်အထိ ထိုရေ တွင်းကို ရှေးဟောင်းအမွေအနှစ်အဖြစ် ရွာသူရွာသားများက ထိန်း သိမ်းထားကြဆဲဖြစ်သည်။) | |
| ၁၉၁၀ | ဘာသာရေး<br>ကျောက်ရေတွင်းကျေးရွာတွင် ဗုဒ္ဓဘာသာကိုတစ်ရွာလုံးကိုးကွယ် ကြပါသည်။ ရွာလည်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် စေတီ တစ်ဆူရှိပါသည်။ ရဟန်း(၆)ပါးခန့်သီတင်းသုံးနေထိုင်ကြပြီး ရဟန်း များမှာ ပအိုဝ်လူမျိုးများနှင့် ကရင်လူမျိုးများဖြစ်ကြပါသည်။ | ထိုဘုန်းကြီးကျောင်းဆောင်ကို ရွာသူ ရွာသားများကစုပေါင်း၍တည်ဆောက် ခဲ့ကြခြင်းဖြစ်သည်။ |
| ၁၉၄၉<br><br><br><br><br><br><br>၂၀၀၀ | ပညာရေး<br>ကျောက်ရေတွင်းရွာတွင် စာသင်ကျောင်းမရှိခင်အချိန်က ရွာလယ် ကျောက်ရေတွင်းဘုန်းကြီးကျောင်းဇရပ်ဟောင်းလေးတွင် ကလေး များအားဘုန်းတော်ကြီးများက စာသင်ပေးကြသည်။ နောက်ပိုင်း တွင် ကျောင်းသူကျောင်းသားများတဖြည်းဖြည်းများပြားလာသဖြင့် ဆရာတော်မှ ဘုန်းကြီးကျောင်းအတွင်းပင်သစ်သားကျောင်းလေး တည်ဆောက်ပြီး (ဘက)ကျောင်းကို စတင်တည်ထောင်ပေးခဲ့ပါ သည်။ နောက်ပိုင်းတွင်ကျေးရွာဘောလုံးကွင်းနံဘေးတွင် အစိုးရ ပံ့ပိုးငွေဖြင့် မူလတန်းကျောင်းဆောင်တစ်ဆောင်တည်ဆောက်ခဲ့ပါ သည်။ ထိုမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ (၁၅၀)ခန့်နှင့် ဘကကျောင်းတွင် ကျောင်းသားဦးရေ (၁၀၀)ခန့် ပညာသင်ကြား နေကြပါသည်။ | အစိုးရ၏ပံ့ပိုးကူညီမှုဖြင့် ရွာသားများ စုပေါင်းပါဝင်ကာကူညီလုပ်ကိုင်ခဲ့ကြ သည်။ |

**ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု**


| | | |
|---|---|---|
| ၂၀၀၆<br><br>၂၀၁၆ | ကျန်းမာရေး<br>ယခင်အချိန်မှရွာသူရွာသားများဆေးခန်းပြလိုလျှင် ရင်းငြိမ်ကျေးရွာသို့သွားရောက်ကြရပါသည်။နောက်ပိုင်းတွင် အစိုးရပံ့ပိုးငွေဖြင့် ရွာသားများသည် သမအဆောက်အဦဟောင်းနေရာတွင်ဆေးပေးခန်းဖွင့်လှစ်နိုင်ခဲ့ပါသည်။<br>၂၀၁၆ တွင်ဆေးပေးခန်းအသစ်ထပ်မံဆောက်လုပ်ခဲ့ပါသည်။ | အစိုးရ၏ပံ့ပိုးကူညီမှုဖြင့် ရွာသားများစုပေါင်းလုပ်ကိုင်ကြသည်။ |
| ၁၉၈၂<br><br>၂၀၀၀<br><br>၂၀၁၈ | လမ်းတံတားများ<br>ရင်းငြိမ်ကျေးရွာ၊ ကျောက်တန်းကျေးရွာတို့မှကျောက်ရေတွင်းကျေးရွာသို့ လူသွားလမ်း(ခြေလျင်)လမ်းသာရှိပါသည်။ မိုးတွင်းတွင် ရေလမ်းခရီးဖြင့်သွားလာရပါသည်။<br>နောက်ပိုင်းတွင် ၎င်းလမ်းသည် ဆိုင်ကယ်များ၊ ထော်လာဂျီများသွားလာနိုင်သည့် လမ်းဖြစ်လာခဲ့ပါသည်။ ထိုလမ်းတွင်သစ်သားတံတားကြီးတစ်စင်းတည်ဆောက်ခဲ့ကြပါသည်။<br>၂၀၁၇ ခုနှစ်တွင်ထိုသစ်သားတံတားပြိုကျပျက်စီးခဲ့ပြီး ၂၀၁၈ တွင်ကွန်ကရစ်တံတားအဖြစ်ပြန်လည်တည်ဆောက်ပြုပြင်ခဲ့ကြပါသည်။ | ရွာသူရွာသားတို့၏စုပေါင်းမှုဖြင့် တည်ဆောက်ပြုပြင်ခဲ့ပါသည်။<br><br>အစိုးရ၏ထောက်ပံ့ငွေဖြင့်တည်ဆောက်ခဲ့ပါသည်။ |
| ၁၉၆၇<br><br>၁၉၈၃ | သဘာဝဘေးအန္တရာယ်များ<br>ကျောက်ရေတွင်းကျေးရွာတွင်သဘာဝဘေးအန္တရာယ်များရှိခဲ့ပြီး သူခိုးဓါးပြရန်များလည်းရှိခဲ့ပါသည်။ မိုးအလွန်များးလျှင် တောင်ကျရေကျတတ်ပြီး လမ်းများပျက်စီးတတ်ပါသည်။<br>နောက်ပိုင်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်လာပြီး သူခိုးဓါးပြရန်မှကင်းဝေးခဲ့ပါသည်။ | |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှု ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (အကျဉ်းချုပ်ပြဇယား)

| လူထုပူးပေါင်းပါဝင်သောလူထုဆန်းစစ်မှုအကျဉ်းချုပ် | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သူ | | | ဆွေးနွေးချက်များ |
| | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၉.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်မြေမြစ်ချောင်းများ၊ရေတွင်းရေကန်သစ်တောများ အခြေအနေကို သိရှိပါသည် |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၉.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | လုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ပညာရေးအခြေအနေ၊ အိမ်ထောင်စုများ၊ အဆင့်သတ်မှတ်ချက်များ ကိုသတ်မှတ်သည် |
| ၃ | ရာသီခွင်ပြပြက္ခဒိန် | ၉.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | ကျေးရွာ၏ရာသီဥတုအခြေအနေ၊ပွဲတော်ရေရရှိမှု၊ လုပ်ငန်းအခြေအနေ၊ဝင်ငွေထွက်ငွေ၊အားလပ်ချိန်၊ သဘာဝဘေးအန္တရာယ်များကို သိရှိနိုင်သည် |
| ၄ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၉.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | အမျိုးသား အမျိုးသမီးများသည် အရင်းအမြစ်များကိုအတူတူပိုင်ဆိုင်သုံးစွဲကြပြီး အမျိုးသားများက အရင်းအမြစ်များကို ထိန်းချုပ်ကြသည် |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၉.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | အမျိုးသမီးများ၏အားသောသောအချက်များ၊ အားနည်းသောအချက်များကို ပင့်ကူအိမ်သုံးသပ်ခြင်းဖြင့် သိရှိနိုင်ပါသည် |
| ၆ | ဗင်းပုံစံ | ၉.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများကို သိရှိနိုင်ပြီး ချိတ်ဆက်ထားသော အဖွဲ့များကိုလည်းသိရှိနိုင်ပါသည်။ |

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>လူမှုရေးအရင်းအမြစ်ပြပုံ</u>



ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု


## လူမှုရေးအရင်းအမြစ်ပြပုံ သုံးသပ်ချက်များ

လယ်ယာမြေ၊ ခြံမြေ၊ ဥယျာဉ်ခြံမြေများကိုအဓိကထားပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ ယာခင်း၊ လယ်ခင်း၊ ဥယျာဉ်ခြံ၊ ဝါး၊တောင်ထန်းဖက်၊ ရေ၊ ကျောက်၊ ထင်းပင်များ အများအပြားရှိသည်။အင်းအိုင်၊ ရာဘာခြံတို့ အနည်းငယ်ရှိသည်။

လွန်ခဲ့သော (၅) နှစ်အတွင်းကပေါများခဲ့သောအရင်းအမြစ်များဖြစ်သည့် သစ်ပင်၊ ဝါးပင်၊ ကျွဲ၊နွား၊ ငါး၊ ရေ စသည့် အရင်းအမြစ်များလျော့နည်းလာသည်။

ကျေးရွာအတွင်းသီးခြားနေထိုင်မှုမရှိပါ။ အင်းပြောင်တစ်ရွာလုံးဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ အခြားဒေသမှလူအနည်းငယ်လာရောက်နေထိုင်ကြပြီး ရွာမှလူအနည်းငယ်သည် နိုင်ငံခြားတိုင်းပြည် (သို့) အခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်မှုများရှိကြသည်။

# ဥစ္စာဓနကြွယ်ဝမှုပုံ



ကျောက်ရေတွင်းကျေးရွာ
ကျောက်ရေတွင်းကျေးရွာအုပ်စု

ဥစ္စာဓနကြွယ်ဝမှုဇယား ၁၀.၁.၂၀၁၈

| အမျိုးအစား | ညွှန်းကိန်းများ / သတ်မှတ်ချက်များ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အလွန်ပြေလည် | ကား / [illegible] / လယ် / ကျွဲ ၁၅ဧက / ထွန်စက် / နွား / စပါးကြိတ်စက် ကလေးတွေကို တက္ကသိုလ်ကျောင်းထားနိုင် | ၁၀ | ၃ |
| ပြေလည် | အိမ်(ပျဉ်) / ကျွဲ ၁၀ဧက / လယ် ၅ဧက / ၅ဧက / ဆိုင်ကယ် / နွား ကလေးတွေကို အထက်တန်းကျောင်းထားနိုင် | ၁၂၈ | ၄၄ |
| သိပ်မပြေလည် | [illegible] / ဝါးအိမ် / လယ်x / [illegible] / [illegible] / ကလေးများအား မူလတန်းသာထားနိုင် | ၁၅၀ | ၅၃ |
| စုစုပေါင်း | | ၂၈၈ | ၁၀၀ |


## ဥစ္စာဓနကြွယ်ဝမှုသုံးသပ်ချက်များ

ကျေးရွာအတွင်းဆင်းရဲနွမ်းပါးသည့်အိမ်ထောင်စု(၉၀)ရှိပါသည်။ထိုသူများသည် အလုပ်အကိုင်ရှားပါးခြင်း၊ ကုန်ဈေးနှုန်းတက်ခြင်း၊ မိသားစုအခြေအနေများကြောင့်ဖြစ်သည်။ ထိုသူများကိုအားပေးစကားပြောပြီး တန်းတူအခွင့်အရေးရှိကြောင်းစသည်တို့ကို ပြုလုပ်ပေးသင့်သည်။ စီမံကိန်းလုပ်ရာတွင်နွမ်းပါးသူများကို အလုပ်အကိုင်ပေးခြင်း၊ ပါဝင်လာအောင်တိုက်တွန်းခြင်းဖြင့် နွမ်းပါးသူများ၏စွမ်းဆောင်ရည်များ တိုးတက်လာပြီး ထိုသူတို့၏အခက်အခဲများအတိုင်းအတာတစ်ခုအထိပြေလည်သွားမည်ဟု သုံးသပ်မိပါသည်။ အမျိုးသမီးများအနေဖြင့် အိမ်တွင်နေထိုင်ရင်းဝင်ငွေရရှိနိုင်မည့်အိမ်တွင်းမှုသက်မွေးလုပ်ငန်းများကလည်း ဝင်ငွေတစိတ်တဒေသတိုးတက်အောင်စွမ်းဆောင်နိုင်မည်ဟု သုံးသပ်မိပါသည်။

## အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြပုံ




ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု




**အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှု သုံးသပ်ခြင်းများ**

**ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု**


အမျိုးသမီးများအသုံးပြုသောအရင်းအမြစ်များမှာ ဈေးဆိုင်အပ်ချုပ်စက်တို့ဖြစ်ကြသည်။အပ်ချုပ်စက်သည် အမျိုးသမီးများထိန်းချုပ်ဆုံးဖြတ်သည်။ ဈေးဆိုင်ကိုအမျိုးသားအမျိုးသမီးနှစ်ဦးလုံးထိန်းချုပ်ဆုံးဖြတ်သည်။

အမျိုးသားများအသုံးပြုသောအရင်းအမြစ်များမှာ လယ်ထွန်စက်၊ထော်လာဂျီတို့ဖြစ်သည်။အမျိုးသားများသီးသန့်အသုံးပြုသောအရင်းအမြစ်များကို ကိုယ်တိုင်ထိန်းချုပ်ဆုံးဖြတ်ကြသည်။

နှစ်ဦးစလုံးအသုံးပြုသောအရင်းအမြစ်များမှာ သစ်တော၊ ချောင်း၊ လမ်း၊ တံတား၊ တိရစ္ဆာန်၊ သုသာန်၊ ဇရပ်၊ လယ်၊ ခြံ၊ ကား၊ ဘုန်းကြီးကျောင်း၊ ကျောက်စက် တို့ဖြစ်ကြသည်။

အမျိုးသားများသည် အရင်းအမြစ်များ၏ ၈၀ %ကိုထိန်းချုပ်ကြသည်။ အမျိုးသမီးများကအသုံးပြုပြီး အမျိုးသားများကထိန်းချုပ်ကြလျှင် ဆုံးဖြတ်ချက်မှားယွင်းမှု၊ ပဋိပက္ခ၊ မသင့်မြတ်မှုများ၊ ပြည့်စုံသောဆုံးဖြတ်ချက်များမဖြစ်နိုင်သောကြောင့် အမျိုးသားများသည်အမျိုးသမီးများနှင့် အတူတကွ ဆုံးဖြတ်ကြလျှင်ပိုမိုကောင်းမွန်မည်ဖြစ်သည်။

## ရာသီခွင်ပြပုံ




## ရာသီခွင်ပြပုံ သုံးသပ်ချက်များ

အိမ်ခြေ(၃၀)ခန့်အမျိုးသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုဦးဆောင်လုပ်ကိုင်မှုရှိကြသည်။အိမ်ခြေ(၆၀)ခန့်တွင်အမျိုးသမီးများကဦးဆောင်လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးကို ရာသီအလိုက်စိုက်ပျိုးကြပြီး မွေးမြူရေးကို (၁၂)ရာသီပတ်လုံး တနိုင်တပိုင်မွေးမြူကြသည်။ အဓိကလုပ်ငန်းမလုပ်ကိုင်သည့်အချိန်တွင်ကျဘန်းလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ ဆင်းရဲနွမ်းပါးသူများက ထင်းခုတ်၊ တောင်ထန်းခုတ်စသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ နေ့စားလုပ်သားတစ်ဦး၏ဝင်ငွေမှာ (၅၀၀၀)မှ (၃၀၀၀)ကြားတွင်ရှိသည်။ ထိုသူများမှာ နေ့တိုင်းအလုပ်မရှိကြပေ။ တစ်နှစ်တာတွင် ဝင်ငွေနှင့်ထွက်ငွေမှာ ထွက်ငွေသည် ပိုမိုများပြားနေသည်။ ဝင်ငွေမလုံလောက်သောကြောင့် ငွေတိုးချေးခြင်း၊ပစ္စည်းများ ပေါင်နှံရောင်းချခြင်း၊ သားသမီးများကို အခြားနေရာများသို့အလုပ်လုပ်ခိုင်းခြင်း ဖြင့်အခက်အခဲများကိုဖြေရှင်းကြရပါသည်။ အမျိုးသမီးများအနေဖြင့် ဈေးရောင်း၊ ဖက်ညှပ်လုပ်ငန်းများလုပ်ကိုင်သော်လည်း ဝင်ငွေနည်းပါးကြပါသည်။ အမျိုးသမီးများအတွက်သီးသန့်အလုပ်အကိုင်မရှိ၍ အသက်မွေးဝမ်းကြောင်းပညာများတတ်မြောက်ချင်ကြောင်းဆွေးနွေးမှုများတွင်သုံးသပ်မိပါသည်။

**ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု**

ပင့်ကူအိမ်ပြဇယားပုံ




ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု


## ပင့်ကူအိမ်ပြဇယားသုံးသပ်ချက်များ

အမျိုးသမီးများ၏အဖွဲ့အစည်းတွင် ပါဝင်မှု၊ ဦးဆောင်မှု၊အရင်းအမြစ်လက်လှမ်းမီမှု စသည့်အချက်များတွင် အားနည်းပါသည်။ အမျိုးသားများသည် ကျေးရွာ၏ကိစ္စများတွင် ဆုံးဖြတ်မှု၊ပါဝင်မှုရှိကြသည်။ အမျိုးသမီးများကိုမူအနည်းငယ်သာတွေ့ရသည်။ အမျိုးသမီးများရာနှုန်းပြည့်ရှိသောနေရာမှာ အိမ်တွင်းမှုကိစ္စများတွင်သာ တွေ့ရပါသည်။


အမျိုးသမီးများဝင်ငွေရသောအလုပ်တို့တွင် လုပ်ကိုင်မှုနည်းကြသည်။ အိမ်မှုကိစ္စတွင်သာအချိန်ကုန်နေတတ်သည်။ ပညာရေးတွင်အမျိုးသားများထက်အားနည်းသောကြောင့်မပြောရဲ မဆိုရဲဖြစ်နေပြီး ခေါင်းဆောင်ခြင်းနှင့် အဖွဲ့အစည်းတွင်ပါဝင်ခြင်းပြီး ဆုံးဖြတ်ချက်ချမှုများမပြုလုပ်ရဲကြပါ။

ကျေးရွာတွင်အမျိုးသမီးများသီးသန့်တက်ရောက်ရသော အစည်းအဝေးများ၊ဆွေးနွေးပွဲများကျင်းပပေးခြင်း၊ လုပ်ပိုင်ခွင့်များကို အမျိုးသားများနှင့်တန်းတူအခွင့်အရေးပေးခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်လာအောင် အိမ်မှုကိစ္စများတွင် ဝင်ရောက်ကူညီပေးခြင်း၊ လက်တွဲခေါ်ယူခြင်း၊ ဆုံးဖြတ်ချက်များကို အလေးထားခြင်းဖြင့် ကူညီပေးနိုင်မည်ဖြစ်သည်။

**အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ**




ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု



ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ သုံးသပ်ခြင်းများ

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် အခြားအဖွဲ့အစည်းများနှင့် ကျေးရွာလူထုကို ချိတ်ဆက်ပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ကြသည်။

ဝတ်ရွတ်အဖွဲ့နှင့် နာရေးကူညီမှုအသင်းသည် ဘာသာရေး၊ သာရေးနာရေးကိစ္စများတွင် ကူညီကြသည်။ မိဘဆရာအသင်းသည် ပညာရေးလိုအပ်ချက်များကို ကျေးရွာလူထုနှင့်အတူပူးပေါင်းဆောင်ရွက်သည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေအသင်းသည် ကျေးရွာရှိ ကလေးများနှင့် အမျိုးသမီးများကို ကူညီစောင့်ရှောက်သည်။ ဓမ္မစကူးလ်အဖွဲ့နှင့် အပျိုလူပျိုအဖွဲ့သည်ကျေးရွာအတွင်းရှိ ဘာသာရေးအသိပညာနှင့် ရပ်ရွာအကျိုးကို ကူညီပံ့ပိုးသည်။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် ကျေးရွာအတွင်းရှိ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်သည်။ ကျန်းမာရေးအဖွဲ့နှင့် သွေးအလှူရှင်အဖွဲ့သည် ကျေးရွာ၏ကျန်းမာရေးကိစ္စများကို ကူညီဆောင်ရွက်သည်။ စိုက်ဘဏ်အဖွဲ့သည် ကျေးရွာ၏ လိုအပ်သော ငွေကြေးကိစ္စရပ်များကို ကူညီပံ့ပိုးပေးသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

<u>ကျောက်ရေတွင်းကျေးရွာဖွံ့ဖြိုးရေးစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ</u>







ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

# ၈။ ကျေးရွာ အချက်အလက် (ပုံစံ-၁)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1) [illegible] - ၂၀၁၃

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉ - [illegible] | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း | မြို့နယ် ပေါင် | ကျေးရွာအုပ်စု ကျောက်ရေတွင်း ကျေးရွာ ကျောက်ရေတွင်း |

**က။ လူဦးရေ**


| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပအိုဝ်း | 363 | ဘာသာ (၁) ဗုဒ္ဓ | 388 |
| လူမျိုးစု (၂) ကရင် | 25 | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ပအိုဝ်း | 1042 | 964 |
| လူမျိုးစု (၂)---ကရင် | 40 | 50 |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 358 | 30 |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |

**ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု**



| | | | | | |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် (၀) /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --------- – --------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် --------- – --------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

**(…) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုပေါ်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လင်းရောင်ခြည်

(၂) မြစိမ်းရောင်

**(ဂျ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦးဝင်းကြိုင် |
| | လက်မှတ် | နေ့စွဲ ၉.၁.၂၀၁၈ |
| လူထုစည်းရုံးရေးမှူး | အမည် | ဟိန်းသူရိန်ဇော် |
| | လက်မှတ် | နေ့စွဲ ၉.၁.၂၀၁၈ |

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | |
|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဟိန်းသူရိန်ဇော် | | | | | |
| နေ့စွဲ | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | မွန် | မြို့နယ် | ဆဲ | ကျေးရွာအုပ်စု ကျောက်ရေတွင်း | ကျေးရွာ | ကျောက်ရေတွင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၁.၂၀၁၈ | ၉.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | ၂၁၇ \| ပအို့ဝ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁.၂၀၁၈ | ၁၀.၁.၂၀၁၈ | ၈၆ | ၁၅၀ | ၂၃၆ | ၁၆ \| ကရင်<br>၃ \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | 68 | 127 | 195<br>173 | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| |

ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ် (ပုံစံ-၃)

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖအိန်းသူနိုင်ဇော် | | | |
| နေ့စွဲ ၁၀.၁.၂၀၁၈ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ပေါင် | ကျေးရွာအုပ်စု ကျောက်ရေတွင်း | ကျေးရွာ ကျောက်ရေတွင်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းမကောင်းသဖြင့် သွားလာရခက်ခဲခြင်း | ၁ | တံတားမကောင်းသဖြင့် သွားလာရာတွင် အခက်အခဲရှိခြင်း |
| ၂ | တံတားမကောင်းသဖြင့် ခရီးသွားလာရာတွင် အခက်အခဲရှိခြင်း | ၂ | ရွာတွင်းလမ်းမကောင်းသဖြင့် သွားလာရခက်ခဲခြင်း |
| ၃ | ကျောင်းသားဦးရေများလွန်း၍ ကျောင်းဆောင် မလုံလောက်ခြင်း | ၃ | ကျောင်းသားဦးရေများ၍ ကျောင်းဆောင်မလုံလောက်ခြင်း |
| ၄ | ရွာသူရွာသားအိမ်ခြေများသဖြင့် သောက်သုံးရေမလုံလောက်ခြင်း | ၄ | မူလတန်းကျောင်းများ၏ နည်းပညာ မလုံလောက်ခြင်း |
| ၅ | မူလတန်းကျောင်းများ၏ နည်းပညာမရှိခြင်း | ၅ | ရွာရှိလူငယ်များ ဖတ်ရန် စာကြည့်တိုက်မရှိခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကားဖြင့် သွားလာရလွယ်ကူသောလမ်း ရရှိရန် | ၁ | ကြံ့ခိုင်သောတံတား ရရှိရန် |
| ၂ | ကြံ့ခိုင်သောတံတားကောင်း ရရှိရန် | ၂ | ရွာတွင်းကျောက်ရောလမ်းခင်း ရရန် |
| ၃ | ကျောင်းဆောင်သစ် တည်ဆောက်ရန် | ၃ | ကျောင်းဆောင်သစ်တည်ဆောက်ရန် |
| ၄ | ရေကောင်းရေသန့် ရရှိရန် | ၄ | မူလတန်းကျောင်းများ၏ နည်းပညာများ ရရှိရန် |
| ၅ | မူလတန်းကျောင်းများ၏ နည်းပညာများ ပိုရှိရန် | ၅ | စာကြည့်တိုက် ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းကျောက်ချောခင်းခြင်း | ကျား + မ | ၃၂၅၀၀၀၀၀ | ၂၀၂၃ |
| ၂ | ရွာချင်းဆက်တံတားတည်ဆောက်ခြင်း | ကျား + မ | ၅၀၀၀၀၀၀ | ၂၀၂၃ |
| ၃ | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ကျား + မ | ၁၅၀၀၀၀၀၀ | ၂၀၂၃ |
| ၄ | ဆရာနေတိုက်တည်ဆောက်ခြင်း | မ | ၁၀၀၀၀၀၀၀ | ၂၀၂၃ |
| ၅ | ရေပိုက်သွယ်တန်းခြင်း | ကျား | ၁၀၀၀၀၀၀၀ | ၂၀၂၃ |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မလုပ်မကိုင်နိုင်ရာ သက်ကြီး သင်တန်းပေးခြင်း | ကျား + မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးအောင်မျိုး--- လက်မှတ် ---[signature]--- နေ့စွဲ ---၁၀.၁.၂၀၁၈---

# ၁၁။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဟိန်း ညွန့်ဖော် | | | |
| နေ့စွဲ ၁၀.၁.၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ပေါင် | ကျေးရွာအုပ်စု | ကျောက်ရေတွင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| ကျောက်ရေတွင်း | ကျောက်ရောမြေခင်းခြင်း | ၃၀၄၀'x၁၈'x၆" | ၂၀၆၃ | ☐ ကျား ☐ မ ☑ ကျား+ မ | | | \| | ၂၂၅၀၀၀၀၀ |
| ပေါက်တော | ကျောက်ရောမြေခင်းခြင်း | ၂၄၀၀'x၁၈'x၆" | ၅၄၃ | ☐ ကျား ☐ မ ☑ ကျား+ မ | | | \| | ၁၀၇၈၆၄၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | \| | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | \| | |

ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

၂။ အစည်းအဝေးမှတ်တမ်း

ပထမအကြိမ်အစည်းအဝေး (ဒုတိယနှစ်စက်ဝန်း)

နေ့ရက်။ ။၉.၁.၂၀၁၈

အချိန်။ ။ နံနက်(၁၀)နာရီမှ မွန်းလွဲ (၂)နာရီထိ

နေရာ။ ။ ကျောက်ရေတွင်းဘုန်းကြီးကျောင်း

အစည်းအဝေးတက်ရောက်ကြသူများ

အမျိုးသား(၈၆) ဦး ၊အမျိုးသမီး(၁၅၀)ဦး

ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်းစတင်နိုင်ရန်

ဆွေးနွေးချက်

အစည်းအဝေးကျင်းပရခြင်းရည်ရွယ်ချက်၊ စီမံကိန်းရည်ရွယ်ချက်၊စီမံကိန်းစက်ဝန်း စီမံကိန်းမိတ်ဆက်ခြင်း တို့ကို ရှင်းပြဆွေးနွေးခြင်း၊ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း၊ PRA Tools များဖြင့် လူမှုဆန်းစစ်ခြင်းများပြုလုပ်ခြင်း စသည်တို့ကိုဆွေးနွေးပါသည်။

ဆုံးဖြတ်ချက်

ကျေးရွာလူထု၏မဲပေးရွေးချယ်မှုဖြင့် စေတနာ့ဝန်ထမ်းအမျိုးသား၊ အမျိုးသမီးများ ကိုရွေးချယ်ပါသည်။ ဒုတိယအကြိမ်အစည်းအဝေးကို (၁၃.၁၁.၂၀၁၇) ရက်နေ့တွင် ပြု လုပ်ရန် ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲ (၂း၀၀) တွင် ရုပ်သိမ်းလိုက်ပါသည်။

မိတ္တူကို-

ကျေးရွာကြော်ငြာသင်ပုန်း

ဒုတိယအကြိမ်အစည်းအဝေး(ဒုတိယနှစ်စက်ဝန်း)

ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

နေ့ရက်။ ။၁၀.၁.၂၀၁၈

အချိန်။ ။ နံနက်(၁၀)နာရီမှ မွန်းလွဲ (၂)နာရီထိ

နေရာ။ ။ ကျောက်ရေတွင်းဘုန်းကြီးကျောင်း

အစည်းအဝေးတက်ရောက်ကြသူများ

အမျိုးသား(၈၆) ဦး ၊အမျိုးသမီး(၁၅၀)ဦး

ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်းစတင်နိုင်ရန်၊ ဦးစားပေးလုပ်ငန်းနှင့် ကော်မတီပြန်လည်ဖွဲ့စည်းရန်

ဆွေးနွေးချက်

PRA Tools များကို အခြေခံ၍ အမျိုးသားနှင့်အမျိုးသမီးတို့၏အခက်အခဲများ၊ မျှော်မှန်းချက်များ၊ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆွေးနွေးတင်ပြခြင်း၊ ကျေးရွာဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းကို မဲပေးရွေးချယ်ခြင်းနှင့် ကျေးရွာစီထောက်ကော်မတီကိုပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် လိုမလိုကို ဆွေးနွေးကြသည်။

ဆုံးဖြတ်ချက်


ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကိုကောင်းစွာရေးဆွဲနိုင်သည်။ ကျေးရွာလူထု၏မဲပေးရွေးချယ်မှုဖြင့်ဦးစားပေးလုပ်ငန်း (ကျောက်ရောမြေခင်းခြင်း)ကို ကောင်းစွာရွေးချယ်နိုင်သည်။ ကျေးရွာစီထောက်ကော်မတီကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ (၂း၀၀) တွင် ရုပ်သိမ်းသည်။

မိတ္တူကို-

ကျေးရွာကြော်ငြာသင်ပုန်း

# ၁၃။ ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ



ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

မူရင်းအား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရမည်။ MIS dataအနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | စဉ် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှ တာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှ မည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁။ | ရွာတွင်းကျောက်ကျောမြေခင်းခြင်း | ☑ မ ☑ ကျား | ကျေးရွာစီမံကော်မတီ / ကျေးရွာလူထု | |
| | ၂။ | ရွာချင်းဆက်တံတားတည်ဆောက်ခြင်း | ☑ မ ☑ ကျား | ကျေးရွာစီမံကော်မတီ / ကျေးရွာလူထု | |
| | ၃။ | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ☑ မ ☑ ကျား | ကျေးရွာစီမံကော်မတီ / ကျေးရွာလူထု | |
| | ၄။ | ဆေးကြည့်တိုက်တည်ဆောက်ခြင်း | ☑ မ ☐ ကျား | ကျေးရွာစီမံကော်မတီ / ကျေးရွာလူထု | |
| | ၅။ | ရေပိုက်သွယ်တန်းခြင်း | ☐ မ ☑ ကျား | ကျေးရွာစီမံကော်မတီ / ကျေးရွာလူထု | |
| | ၆။ | | ☐ မ ☐ ကျား | | |
| | ၇။ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ဝင်ငွေရရှိရေး | ၁။ | သက်မွေးသင်တန်းပေးခြင်း | ☑ မ ☐ ကျား | | |
| | ၂။ | | ☐ မ ☐ ကျား | | |
| | ၃။ | | ☐ မ ☐ ကျား | | |
| | ၄။ | | ☐ မ ☐ ကျား | | |
| | ၅။ | | ☐ မ ☐ ကျား | | |

ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု

| | စဉ် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှ တာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှ မည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| ကျန်းမာရေးနှင့်အာဟာရ | ၁။ | | ☐ မ<br>☐ ကျား | | |
| | ၂။ | | ☐ မ<br>☐ ကျား | | |
| | ၃။ | | ☐ မ<br>☐ ကျား | | |
| | ၄။ | | ☐ မ<br>☐ ကျား | | |
| | ၅။ | | ☐ မ<br>☐ ကျား | | |
| ပညာရေး | ၁။ | | ☐ မ<br>☐ ကျား | | |
| | ၂။ | | ☐ မ<br>☐ ကျား | | |
| | ၃။ | | ☐ မ<br>☐ ကျား | | |
| | ၄။ | | ☐ မ<br>☐ ကျား | | |
| | ၅။ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁။ | | ☐ မ<br>☐ ကျား | | |
| | ၂။ | | ☐ မ<br>☐ ကျား | | |
| | ၃။ | | ☐ မ<br>☐ ကျား | | |
| | ၄။ | | ☐ မ<br>☐ ကျား | | |
| | ၅။ | | ☐ မ<br>☐ ကျား | | |

# ၁၄။ VDP အရည်သွေး ထိန်းချုပ်မှု ပုံစံ

VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ဟိန်းသူရိန်ဇော် ရက်စွဲ- ၁၂.၁.၂၀၁၈ ရွာ- ကျောက်ရေတွင်း VDP ရက်စွဲ- ၉.၁.၂၀၁၈

မြို့နယ်- ပေါင်

ကျေးရွာအုပ်စု- ကျောက်ရေတွင်း

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ vennပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ကျား (၈၆) မ (၁၅၀)
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- ○ PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
  - ▪ အလွန်ကောင်း
  - ▪ ကောင်း
  - ▪ ညံ့
- ○ လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ▪ ရှိ
  - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ကျား (၄) ၊ မ (၄)
- ○ PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊ မ (၁)

**ကျောက်ရေတွင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာအုပ်စု**